HARP-F
Humanitarian Assistance and Resilience Programme Facility

CROWN AGENTS
ACCELERATING SELF-SUFFICIENCY & PROSPERITY

# ကာလရှည်ပဋိပက္ခများတွင် ရန်ပုံငွေထောက်ပံ့ကြေးဆိုင်ရာစီမံခန့်ခွဲမှုအတွက် နည်းလမ်းများနှင့် ရင်းမြစ်များ

***မြန်မာနိုင်ငံရှိ Humanitarian Assistance and Resilience Programme Facility အဖွဲ့ထံမှဥပမာများ***

Humanitarian Assistance and Resilience Programme Facility (HARP-F) ကို မြန်မာနိုင်ငံတွင် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာတုံ့ပြန်မှုအား ဦးဆောင်ရန် နိုင်ငံတွင်းနှင့် ဒေသခံမိတ်ဖက်အဖွဲ့အစည်းများ၏ အခန်းကဏ္ဍကို အားကောင်းစေရန် ဒေသတွင်း ကိုက်ညီမှုရှိအောင် ဆောင်ရွက်ခြင်း (LOCALISATION)နှင့်စပ်လျဉ်း၍ ကြီးကျယ်ခမ်းနားသည့်အပေးအယူ ကတိကဝတ်များအတွက် သီးသန့်ကူညီထောက်ပံ့မှုအဖြစ် ဒီဇိုင်းထုတ်ထားခြင်းဖြစ်သည်။ ဆန်းသစ်သော ရန်ပုံငွေထောက်ပံ့မှုနည်းလမ်းများ၊ စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းများနှင့် တိုက်ရိုက်ပံ့ပိုးမှုများမှတစ်ဆင့် HARP-F သည် နိုင်ငံတွင်းရှိ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာတုံ့ပြန်မှုစွမ်းရည်ကို အစားထိုးမည့်အစား ပိုမိုအားကောင်းလာစေရန် လုပ်ဆောင်ခဲ့သည်။ HARP-F ၏ မိတ်ဖက်အဖွဲ့အစည်းများ၏ သုံးပုံနှစ်ပုံ ကျော်သည် နိုင်ငံတွင်း သို့မဟုတ် ဒေသဆိုင်ရာအဖွဲ့အစည်းများဖြစ်သည်။ HARP-F ၏ လုပ်ငန်းတစ်လျှောက် ထိရောက်သည့်ပံ့ပိုးကူညီမှုကိုမြှင့်တင်ရန်နှင့် ပဋိပက္ခဒဏ်ခံရသော လူ့အသိုင်းအဝိုင်းများ၏ ကြံ့ကြံ့ခံနိုင်စွမ်းကိုတည်ဆောက်ရန်အတွက် နှိုင်းချိန်စဉ်းစားမှုရှိသောမဟာဗျူဟာအဖြစ် ဒေသတွင်း ကိုက်ညီမှုရှိအောင် ဆောင်ရွက်ခြင်း (LOCALISATION)ကို ရောစပ်ထားခြင်းဖြစ်သည်။

HARP-F သည် မြန်မာနိုင်ငံတွင် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ တုံ့ပြန်မှုကို ဦးဆောင်မည့် မိတ်ဖက်အဖွဲ့အစည်းများအား ပံ့ပိုးကူညီရန်နှင့် ကာလရှည်ပဋိပက္ခများအတွင်း ရန်ပုံငွေ စီမံခန့်ခွဲမှု အတွက် အရင်းအမြစ်များနှင့် နည်းလမ်းများစွာကို ထုတ်ဖော်ခဲ့ပါသည်။ ၎င်းတို့အပြင်၊ သက်ဆိုင်ရာ စာရွက်စာတမ်းများကို အခြားအခြေအနေများတွင် အခြားအဖွဲ့အစည်းများမှလိုက်လျောညီထွေဖြစ်အောင် လေ့လာရန် နှင့် လက်ခံကျင့်သုံးနိုင်စေရန် မျှော်လင့်ချက်ဖြင့်၊ ၎င်းတို့ကို လက်တွေ့အသုံးချပုံဥပမာများနှင့်အတူ ဤနေရာတွင် စုစည်းထားပါသည်။ နိုင်ငံတွင်းနှင့် ဒေသတွင်း လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ မိတ်ဖက် အဖွဲ့အစည်းများ၏ ခေါင်းဆောင်မှုကိုပံ့ပိုးရန် အရင်းအမြစ်များနှင့် နည်းလမ်းများဖြင့်သာ မလုံလောက်ပါ။ HARP-F ၏ 'အလုပ်လုပ်ပုံနည်းလမ်းများ' သည် အရေးကြီးသကဲ့သို့၊ အောက်တွင်လည်း ယင်းတို့ကို လေ့လာစူးစမ်းထားပါသည်။ HARP-F အရင်းအမြစ်များနှင့် နည်းလမ်းများ အမျိုးမျိုးရှိသောကြောင့် ၎င်းတို့အားလုံးကို ကျွန်ုပ်တို့အနေဖြင့် မထည့်သွင်းထားသော်လည်း အခြားအဖွဲ့အစည်းများနှင့် အခင်းအကျင်းများအတွက် အကိုက်ညီဆုံးဖြစ်သည်ဟု ကျွန်ုပ်တို့ယုံကြည်သည့် လက်ရွေးစင်များကို ထည့်သွင်းပေးထားပါသည်။

Supported by
UKaid
This material has been funded by UK aid from the UK government; however the views expressed do not necessarily reflect the UK government's official policies

ဤအရင်းအမြစ်များနှင့် နည်းလမ်းများကို ထုတ်ဝေခြင်းသည် ကမ္ဘာတစ်ဝှမ်းနှင့် မြန်မာနိုင်ငံတွင် ကာလရှည်ပဋိပက္ခအတွက် အလှူရှင်များ၏တုံ့ပြန်မှုများကိုပုံဖော်ရန်နှင့် ကမ္ဘာလုံးဆိုင်ရာ လူသားချင်းစာနာထောက်ထားမှုလုပ်ဆောင်ချက်ကို အသိပေးရန်အလို့ငှာ ဒေသတွင်းအသိပညာနှင့် သင်ယူမှုများကို မျှဝေရန်အတွက် HARP-F ၏ကျယ်ပြန့်သော ဦးတည်လုပ်ပိုင်ချက်များထဲမှ တစ်စိတ်တစ်ပိုင်းဖြစ်သည်။ အခြားသက်ဆိုင်ရာ HARP-F သုတေသန၊ သုံးသပ်ချက်များ၊ လမ်းညွှန်ချက်၊ အင်တာနက်နှီးနှောဖလှယ်ပွဲများ(webinars) နှင့် လေ့လာထားသော သင်ခန်းစာများပါဝင်သည့်စာအုပ်များကို ပုံနှိပ်ထုတ်ဝေခြင်းများသို့ လင့်ခ်များကို ဤစာတမ်းတစ်လျှောက်တွင် ထည့်သွင်းထားပြီး HARP-F လေ့လာရန် စာကြည့်တိုက် ဤနေရာ တွင်လည်း ကြည့်ရှုနိုင်ပါသည်။

## HARP-F ၏ ချဉ်းကပ်မှုစည်းမျဉ်းများ

HARP-F ၏ မိတ်ဖက်ဖြစ်မှုဆိုင်ရာချဉ်းကပ်မှုသည် အစီအစဉ်ရေးရာစီမံခန့်ခွဲမှု၏ မြင့်မားသောစံနှုန်းများနှင့် တာဝန်ခံမှုတို့ကို သေချာစေသော်လည်း အချို့သောနယ်ပယ်များတွင် လိုက်လျောညီထွေရှိမှုကိုပါ ခွင့်ပြုထားသည်။ အောက်ပါတို့မှာ HARP-F ၏ မိတ်ဖက်ဖြစ်မှုဆိုင်ရာချဉ်းကပ်မှုတွင် အသုံးပြုသည့် အခြေခံစည်းမျဉ်း အချို့ဖြစ်ပြီး၊ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာတုံ့ပြန်မှုကို ဦးဆောင်ရန် နိုင်ငံတွင်း စွမ်းဆောင်ရည်ကို အစားထိုးခြင်းမဟုတ်ဘဲ ပိုမိုကောင်းမွန်အောင်ဆောင်ရွက်ခြင်းအပေါ် ဦးစားပေးလုပ်ဆောင်ကြပါသည်။ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအကူအညီများ ပေးအပ်နိုင်ရန် HARP-F ၏ စွမ်းဆောင်ရည်ကို ၎င်း၏ ဒီဇိုင်း၊ လုပ်ငန်းစဉ်များနှင့် တည်ဆောက်ပုံများက မည်ကဲ့သို့ ပံ့ပိုးပေးခဲ့ပုံကို ဤနေရာတွင် ကြည့်နိုင်ပါသည်။

### စဉ်ဆက်မပြတ် စွမ်းဆောင်ရည်ပံ့ပိုးမှု၊ လမ်းညွှန်ပြသမှု၊ နည်းပြမှုနှင့် ပူးပေါင်းဆောင်ရွက်မှု

HARP-F သည် မိတ်ဖက်အဖွဲ့အစည်းများ၏ စွမ်းဆောင်ရည်ကို တည်ဆောက်ရန်နှင့် နိစ္စဓူဝပြဿနာများ အတွက် ဖြေရှင်းချက်များကို ရှာဖွေခြင်းအပါအဝင်၊ ၎င်းတို့လုပ်ငန်း၏ကဏ္ဍပေါင်းစုံတွင် ပံ့ပိုးကူညီရန် တိုက်ရိုက်နည်းပြမှု(coaching)ကို ပေးပါသည်။ မြန်မာနိုင်ငံမှ မိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုအစတွင် ပြုလုပ်ခဲ့သော စွမ်းဆောင်ရည်အကဲဖြတ်မှုတစ်ခုသည် ကွာဟချက်များကို ဖော်ထုတ်ခဲ့ပြီး၊ မိတ်ဖက်များ သတ်မှတ်ထားသော ဦးစားပေးနယ်ပယ်များတွင် လေ့ကျင့်သင်ကြားမှုနှင့်အတူ ၎င်းတို့နှင့်သင့်တော်သည့် နည်းပြနှင့် ပံ့ပိုးမှုများကို HARP-F မှဆောင်ရွက်ပေးနိုင်စေခဲ့သည်။ HARP-F ၏

Supported by
UKaid
This material has been funded by UK aid from the UK government; however the views expressed do not necessarily reflect the UK government's official policies

နိုင်ငံတွင်းဝန်ထမ်းများနှင့် မိတ်ဖက်အဖွဲ့အစည်းမှဝန်ထမ်းများကြားတွင် အဖွဲ့အစည်း၏အဆင့်အားလုံး၌ ဆက်သွယ်ရာတွင်၊ မြန်မာဘာသာစကားဖြင့် ပြောဆိုခြင်းဖြစ်ပြီး၊ အကြောင်းမှာ ခေါင်းဆောင်မှုအဆင့်ရှိသူများက HARP-F ဝန်ထမ်းများ နှင့် တိုက်ရိုက်ထိတွေ့ဆက်ဆံရရုံမျှသာမက၊ ဝန်ထမ်းများထံမှ ပံ့ပိုးကူညီမှုများလည်း ရရှိမည်ဖြစ်သည်။

HARP-F ဝန်ထမ်းများနှင့် မိတ်ဖက်အဖွဲ့အစည်းများအကြား ဆက်ဆံရေးသည် နေ့စဉ်နီးပါးရှိခဲ့ပြီး၊ HARP-F သည် စာရွက်စာတမ်းလုပ်ငန်းများကိုပြီးစီးအောင်ဆောင်ရွက်ခြင်းမှ နေ့စဉ်စိန်ခေါ်မှုများအတွက် ပူးပေါင်း ဒီဇိုင်းထုတ်ခြင်းအထိ နယ်ပယ်အားလုံးတွင် အကြံဉာဏ်များပေးခြင်း၊ နည်းပြခြင်းနှင့် ပံ့ပိုးမှုများကို ဆောင်ရွက် ပေးခဲ့ပါသည်။ မိတ်ဖက်များအား စဉ်ဆက်မပြတ် ပံ့ပိုးကူညီမှုသည် အရင်းအမြစ်ကို သုံးစွဲခြင်း ဖြစ်သော်လည်း အထူးသဖြင့် မြန်မာနိုင်ငံရှိ အဖွဲ့အစည်းငယ်များအတွက် မိတ်ဖက်များ၏ စွမ်းဆောင်ရည်ကို ဖွံ့ဖြိုးစေရန် အတွက်သာမက၊ စီမံကိန်းအရည်အသွေးကို သေချာစွာကောင်းမွန်စေရန်အတွက်လည်း အလွန်ထိရောက်ကြောင်း သက်သေပြခဲ့သည်။ မြန်မာနိုင်ငံအတွင်းရှိ အဖွဲ့အစည်းများ၏ ခေါင်းဆောင်မှုအခန်းကဏ္ဍကို အားဖြည့်လုပ်ဆောင်ပေးခြင်းနှင့် HARP-F ၏ လုပ်ငန်းဆိုင်ရာပံ့ပိုးပေးခြင်းတို့နှင့် စပ်လျဉ်းသည့် နောက်ထပ် အချက်အလက်များကို ဤနေရာတွင်ရရှိနိုင်ပြီး၊ ဤနေရာတွင် ရရှိနိုင်ပြီး ဒေသတွင်း ကိုက်ညီမှုရှိအောင် ဆောင်ရွက်ခြင်း (LOCALISATION)၏ ပါဝါအာဏာ ဖွဲ့စည်းပုံအပြောင်းအလဲအပေါ် အကြံပြုချက်များကို ဤနေရာတွင် ရရှိနိုင်ပါသည်။

## ယုံကြည်စိတ်ချရသော မိတ်ဖက်ဖြစ်မှုများကို တည်ဆောက်ခြင်း

HARP-F သည် မိတ်ဖက်အဖွဲ့အစည်းများနှင့် ယုံကြည်မှုရှိသည့်ဆက်ဆံရေးကို မြှင့်တင်ပေးခဲ့သည်။ မိတ်ဖက်များအနေဖြင့် HARP-F အပေါ်လိုအပ်သည့်အခါတိုင်းတွင် ထပ်လောင်းပံ့ပိုးမှုပေးမှုနှင့်ပတ်သက်၍ ယုံကြည်ခဲ့ပြီး၊ ၎င်းသည် မိတ်ဖက်များအား ပြဿနာများကို တတ်ကြွစွာဖြေရှင်းနိုင်စေရန်နှင့် စိန်ခေါ်မှုများ ကြုံလာသောအခါတွင် အပြည့်အဝပွင့်လင်းမြင်သာမှုရှိစေရန် လုပ်ဆောင်ပေးပါသည်။ စိန်ခေါ်မှုအလွန်များသော အစီအစဉ်၏ အကြောင်းအရာကို အသိအမှတ်ပြုခြင်းဖြင့်၊ HARP-F သည် အစီအစဉ်၏အရည်အသွေးကို မထိခိုက်သွားစေပဲ ယုံကြည်စိတ်ချရသော လုပ်ဖော်ကိုင်ဖက်များအတွက် လိုက်လျောညီထွေဖြစ်မှုအပေါ် ဦးစားပေးသည်။ ဥပမာအားဖြင့်၊ လုံခြုံရေးကန့်သတ်ချက်များကြောင့် ကွင်းဆင်းအဖွဲ့များက သတ်မှတ်ထားသော လူဦးရေဆီသို့ မရောက်နိုင်သောအခါတွင် HARP-F အနေဖြင့် အစီရင်ခံမည့်အချိန်ဇယားကို လိုက်လျောညီထွေ ဖြစ်စေရန် ခွင့်ပြုထားသော်လည်း၊ လိုအပ်ချက်များ၊ အရည်အသွေး သို့မဟုတ် အစီရင်ခံခြင်းအကြောင်းအရာတို့အပေါ် အလျှော့မပေးထားပါ။ ကိုဗစ်-၁၉ နှင့်

Supported by
UKaid
This material has been funded by UK aid from the UK government; however the views expressed do not necessarily reflect the UK government's official policies

အာဏာသိမ်းမှုတို့က HARP-F အား အဝေးတွင်ရှိသည့် မိတ်ဖက် အဖွဲ့အစည်းများနှင့်ဆက်ဆံရေးအပေါ် ပြောင်းလဲသွားစေရန် တွန်းအားပေးသောအခါ၊ ယင်းသို့သော လိုက်လျောညီထွေ ပြောင်းလွယ်ပြင်လွယ်ရှိမှုက မိတ်ဖက်ဆက်ဆံရေးများတွင် အထူးသဖြင့် အရေးကြီးသည့် မြင့်မားသောယုံကြည်မှုကို ဖြစ်ပေါ်စေသည်။ အဝေးတွင်ရှိသည့် မိတ်ဖက်အဖွဲ့အစည်းများဆီသို့ HARP-F ၏ ချဉ်းကပ်မှုနှင့်စပ်လျဉ်း၍ နောက်ထပ်အချက်အလက်များကို ဤနေရာတွင် ရနိုင်ပါသည်။

## နည်းပညာဆိုင်ရာ ကျွမ်းကျင်မှုများအတွက် စွမ်းဆောင်ရည်မြှင့်တင်ခြင်း

စွမ်းဆောင်ရည်အကဲဖြတ်မှုပြုလုပ်ပြီးနောက်၊ HARP-F သည် မြန်မာနိုင်ငံရှိမိတ်ဖက်အဖွဲ့အစည်းများ၏ နည်းပညာပိုင်းဆိုင်ရာ ကျွမ်းကျင်မှုများကို နည်းလမ်းနှစ်မျိုးဖြင့် တည်ဆောက်ခဲ့သည်။ ၎င်းတို့မှာ ကျွမ်းကျင်သူများ၏ အကြံဉာဏ်များမှတစ်ဆင့် နည်းပညာအကူအညီများ ပေးအပ်ခြင်းနှင့် HARP-F ၏ နိုင်ငံတွင်း လေ့ကျင့်ရေးအဖွဲ့မှ အကောင်အထည်ဖော်ထားသော တရားဝင်သင်တန်းမှတစ်ဆင့် တည်ဆောက်ခဲ့ခြင်း ဖြစ်သည်။ HARP-F ၏ အထူးပြုထားသည့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာသင်တန်း၊ အရေးပေါ် ကြိုတင်ပြင်ဆင်မှုသင်တန်းနှင့် တုံ့ပြန်ရေးသင်တန်းများသည် သဘာဝကပ်ဘေးနှင့် ရှုပ်ထွေးသော ဘေးအန္တရာယ်များမှ ကြိုတင်ပြင်ဆင်ရန် တုံ့ပြန်ရန်နှင့် ပြန်လည်ကောင်းမွန်လာစေရန်တို့အတွက် ပထမဆုံး တုံ့ပြန်သူများ၏ ကြံ့ကြံ့ခံနိုင်စွမ်းကို တည်ဆောက်ပေးခဲ့ပါသည်။ တရားဝင်သင်တန်းကို မျက်နှာချင်းဆိုင် ပို့ချခဲ့ပြီး၊ နောက်ပိုင်းတွင် ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် အဝေးမှနေ၍ မြန်မာဘာသာစကားဖြင့် ဒေသခံ သင်တန်းဆရာများမှတစ်ဆင့် ပြုလုပ်ခဲ့သည်။ သင်တန်းအလွန်အကဲဖြတ်မှုများက အသိပညာများဆည်းပူးခြင်းနှင့် ကျွမ်းကျင်မှုမြှင့်တင်ခြင်းများကို အမိအရရယူပေးခဲ့သည်။ HARP-F ၏ သင်တန်းနှင့် စွမ်းရည်မြှင့်တင်ရေးဆိုင်ရာ ပံ့ပိုးကူညီမှုနှင့်စပ်လျဉ်းသည့် အချက်အလက်များကို ဤနေရာတွင် ရရှိနိုင်ပါသည်။

## အဖွဲ့အစည်းဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ စွမ်းဆောင်ရည်မြှင့်တင်ခြင်း

စွမ်းဆောင်ရည်မြှင့်တင်ရေး၊ နည်းပညာပိုင်းဆိုင်ရာသင်တန်းနှင့် အစီအစဉ်လုပ်ဆောင်ချက်ဆိုင်ရာ ပံ့ပိုးမှုတို့နှင့်အတူတကွပင်၊ HARP-F သည် မိတ်ဖက်အဖွဲ့အစည်းများ၏ အဖွဲ့အစည်းဆိုင်ရာစွမ်းဆောင်ရည်ကို တည်ဆောက်ရန်၊ ရေရှည်တည်တံ့သော အဖွဲ့အစည်းဆိုင်ရာ တိုးတက်မှုကို ပံ့ပိုးပေးရန်အပြင်၊ ဝန်ထမ်း အပြောင်းအလဲမြင့်မားခြင်းနှင့် လူ့စွမ်းအားအရင်းအမြစ်လိုအပ်ချက်များကဲ့သို့သော အဖွဲ့အစည်းဆိုင်ရာ စိန်ခေါ်မှုများကို ကျော်လွှားနိုင်ရန်အလို့ငှာ အဖွဲ့အစည်းအတွင်း ခိုင်မာအားကောင်းစေရေးအတွက် ရန်ပုံငွေနှင့် ပံ့ပိုးမှုများကိုပေးခဲ့ပါသည်။ HARP-F ၏ အဖွဲ့အစည်းဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ပံ့ပိုးမှုတွင် လူ့စွမ်းအား အရင်းအမြစ်စီမံခန့်ခွဲမှု၊ ငွေကြေးစီမံခန့်ခွဲမှု၊ ဝယ်ယူရေးနှင့် ထောက်ပံ့ပို့ဆောင်ရေး၊ ရုံးစီမံခန့်ခွဲရေး၊ လေ့လာ

Supported by

UKaid

This material has been funded by UK aid from the UK government; however the views expressed do not necessarily reflect the UK government's official policies

စောင့်ကြည့်အကဲဖြတ်ရေး (MEAL)၊ အကာအကွယ်ပေးရေး၊ လိမ်လည်မှုကိုဆန့်ကျင်ရေး၊ ပဋိပက္ခအကဲဆတ်မှု၊ အစီအစဉ်ဆိုင်ရာစီမံခန့်ခွဲမှု၊ မဟာဗျူဟာမြောက်ဖွံ့ဖြိုးတိုးတက်မှု၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုနှင့် အလှူရှင်ဖြင့်ချိတ်ဆက်ဆောင်ရွက်မှုစသည့် နယ်ပယ်များ ပါဝင်သည်။ မိတ်ဖက်အဖွဲ့အစည်း၏ စီမံကိန်းတစ်ခုစီ၏ အစနှင့်အဆုံးတွင် စွမ်းဆောင်ရည်အကဲဖြတ်မှုများက ပံ့ပိုးကူညီမှုပေးရမည့် ဦးစားပေး နယ်ပယ်များကို ဖော်ထုတ်သတ်မှတ်ပေးရုံသာမက၊ အဖွဲ့အစည်းဆိုင်ရာစွမ်းရည်ဖွံ့ဖြိုးတိုးတက်မှုနှင့် ကျွမ်းကျင်မှုများ တိုးတက်ရေးတို့ကို အမိအရဖမ်းယူပေးခဲ့ပါသည်။

**စဉ်ဆက်မပြတ် သင်ယူခြင်း**

HARP-F သည် ကမ္ဘာတစ်ဝှမ်းနှင့် မြန်မာနိုင်ငံရှိ ကာလရှည်ပဋိပက္ခအတွက် ကမ္ဘာလုံးဆိုင်ရာ လူသားချင်းစာနာထောက်ထားမှုလုပ်ဆောင်ချက်နှင့် အလှူရှင်များ၏ တုံ့ပြန်မှုများကို အသိပေးရန်အတွက် အသိပညာမျှဝေခြင်းအစီအစဉ်ကို ဦးစားပေးလုပ်ဆောင်ခဲ့ပါသည်။ သင်ယူခြင်းကို အဆိုပြုလွှာမှ လေ့လာ စောင့်ကြည့်အကဲဖြတ်ရေး (MEAL) ဒီဇိုင်းအထိဖြစ်သည့် အစီအစဉ်၏ အဆင့်တိုင်းတွင်တည်ဆောက်ထားပြီး၊ အသိပညာဆိုင်ရာနည်းလမ်းများတည်ဆောက်ရန်နှင့် အနာဂတ်ရေးရာအစီအစဉ်ရေးဆွဲမှုကို အသိပေးရန် အတွက် သင်ယူမှုကို အသုံးချရန် စဉ်းစားနိုင်းချိန်မှုရှိစွာဖြင့် ကြိုးပမ်းဆောင်ရွက်ခဲ့သည်။ HARP-F သည် မိတ်ဖက်များ၏ အလုပ်နှင့် သင်ယူမှုတို့ကို ဖမ်းယူပေးသည့် များပြားလှစွာသော သုံးသပ်ချက်များ၊ လမ်းညွှန်မှု၊ သင်ခန်းစာများနှင့် လုပ်ငန်းအစီအစဉ်များကို ထုတ်ဝေထားပြီးဖြစ်၍ ဤနေရာတွင်ကြည့်ရှုနိုင်သည်။

## <u>အရင်းအမြစ်များနှင့် နည်းလမ်းများ</u>

ကာလရှည်ပဋိပက္ခများအတွင်း ထောက်ပံ့ကြေးစီမံခန့်ခွဲမှုအတွက် HARP-F ၏ လက်ရွေးစင် အရင်းအမြစ်များနှင့် နည်းလမ်းများအပြင်၊ အခြားသက်ဆိုင်ရာစာရွက်စာတမ်းများအား အခြားသော အခြေအနေများတွင် အခြားသောအဖွဲ့အစည်းများမှ လိုက်လျောညီထွေဖြစ်အောင် လေ့လာရန်နှင့် လက်ခံကျင့်သုံးနိုင်စေရန် မျှော်လင့်ချက်ဖြင့်၊ ၎င်းတို့ကို လက်တွေ့အသုံးချပုံဥပမာများနှင့်အတူ ဤနေရာတွင် စုစည်းထားပါသည်။ ၎င်းတို့ကို လက်တွေ့အသုံးချပုံဥပမာများနှင့်အတူ အခြားသူများထံမှ လိုက်လျောညီထွေ ဖြစ်အောင်၊ လက်ခံကျင့်သုံးနိုင်စေရန် မျှော်လင့်လျှက် အောက်တွင် စုစည်းထားသည်။ အဖွဲ့အစည်းများနှင့် အခြားသက်ဆိုင်ရာ အကြောင်းအရာများ။

Supported by
UKaid
This material has been funded by UK aid from the UK government; however the views expressed do not necessarily reflect the UK government's official policies

**ခြုံငုံသုံးသပ်ချက်**

၁။ အဆိုပြုလွှာ/ အယူအဆရေးရာမှတ်ချက် (Proposal/Concept Note)

၂။ အရည်အချင်းနှင့် ဘေးအန္တရာယ်ဆိုင်ရာ အကဲဖြတ်မှု

၃။ စာချုပ်နှင့် ရန်ပုံငွေဆိုင်ရာ သဘောတူညီချက်

၄။ ကာကွယ်စောင့်ရှောက်ခြင်း (Safeguarding)

၅။ အစီရင်ခံတင်ပြခြင်းနှင့် စောင့်ကြည့်လေ့လာခြင်း

၆။ ပြန်လည်အစီအစဉ်ချထားခြင်းနှင့် ပြင်ဆင်မှုများ

၇။ အကဲဖြတ်ခြင်း၊ နောက်ဆုံးအစီရင်ခံခြင်း၊ စီမံကိန်းပိတ်ခြင်းနှင့် စာရင်းစစ်ခြင်း။

**၁။ အဆိုပြုလွှာ/အယူအဆရေးရာမှတ်ချက်**(Proposal/Concept Note)

HARP-F သည် အဆိုပြုလွှာအတွက် ခေါ်ဆိုမှု သို့မဟုတ် အယူအဆရေးရာမှတ်စုကို ထုတ်ပြန်သည့်အခါတွင်၊ မိတ်ဖက်အဖွဲ့အစည်းများက **ဇာတ်ကြောင်းပြအဆိုပြုလွှာအကျဉ်းတစ်ခု၊ အလုပ်အစီအစဉ်တစ်ခု၊ ဘတ်ဂျက်တစ်စောင်၊ မှတ်တမ်းဘောင် သို့မဟုတ် လုပ်ဆောင်ချက်ဇယားတစ်ခုနှင့် ဘေးအန္တရာယ်ဆိုင်ရာ စာရင်းသွင်းမှု** တို့ကို တင်သွင်းမည်ဖြစ်သည်။ တင်ပြချက်ကို HARP-F ၏ ဝန်ထမ်းအနေဖြင့် အရည်အချင်းပြည့်မီမှု၊ စီမံကိန်း နှင့်ဆက်စပ်ပတ်သက်မှု၊ အဓိက ဆက်နွယ်ယှက်ဖြာနေသည့်ပြဿနာများ၊ ငွေကြေးခိုင်မာမှု၊ တင်ဒါ၏ ရည်မှန်းချက်များအပြင် ဦးစားပေးအစီအစဉ်များနှင့်အညီ လိုက်လျောညီထွေဖြစ်စေခြင်း၊ ငွေတန်ဖိုး(Value for money)၊ သက်ရောက်မှုရှိသူများအပေါ် တာဝန်ခံမှု၊ စောင့်ကြည့်မှု၊ အကဲဖြတ်ခြင်း၊ သင်ယူခြင်းနှင့် လိုက်လျောညီထွေ ရှိသော စီမံခန့်ခွဲမှု များအသုံးပြု၍ အကဲဖြတ်ရန် **အဆိုပြုလွှာကိုအကဲဖြတ်မှုပုံစံ**ကို အသုံးပြု၍ အကဲဖြတ်သွားမည်ဖြစ်ပါသည်။

များလှစွာသောမြန်မာ့မိတ်ဖက်အဖွဲ့အစည်းများတွင် အဆိုပြုလွှာရေးဆွဲခြင်း၊ အဆိုပြုလွှာ/ဘဏ္ဍာရေးဆိုင်ရာ စာရွက်စာတမ်းများဖန်တီးခြင်း၊ သို့မဟုတ် စာရင်းစစ်မှုများအပေါ်ကိုင်တွယ်ဖြေရှင်းခြင်း၊ ပြီးမြောက်မှုအခြေခံသည့် အစီရင်ခံခြင်း (Milestone-based reporting) သို့မဟုတ် ပြီးမြောက်မှုအလိုက် ငွေပေးချေမှုများ (Milestone payments) ကို ကိုင်တွယ်ဖြေရှင်းရာတွင် အတွေ့အကြုံမရှိကြပါ။ ထို့ကြောင့် HARP-F သည် ယုံကြည်လောက်သော အကြံဉာဏ်များ တင်သွင်းခဲ့ကြသော ဂုဏ်သိက္ခာရှိသော အဖွဲ့အစည်းများထံ အဆိုပြုလွှာတင်သွင်းခြင်းလုပ်ငန်းစဉ်အတွင်း သိသာထင်ရှားသော စွမ်းရည်မြှင့်တင်ရေးဆိုင်ရာ အထောက်အပံ့ကို ပံ့ပိုးပေးခဲ့သော်လည်း၊ စွမ်းဆောင်ရည်အကန့်အသတ်ကြောင့် ၎င်းအနေဖြင့် လိုအပ်သောအရည်အသွေးအဆင့် အထိ မှတ်တမ်းမှတ်ရာယူခြင်းအပြီးသတ်နိုင်ရန် ရုန်းကန်ခဲ့ရသည်။



Supported by
UKaid
This material has been funded by UK aid from the UK government; however the views expressed do not necessarily reflect the UK government's official policies

HARP-F သည် ချဉ်းကပ်မှုအားလုံးကို တစ်ခုတည်းဖြင့် အဆင်ပြေစေသောပုံစံကို အသုံးပြုခြင်းထက် လိုအပ်ချက်များက ညီမျှပြီးသင့်တင့်လျောက်ပတ်မှုရှိရေးကိုသေချာစေရန်အလို့ငှာ မိတ်ဖက်အဖွဲ့အစည်း၏ စွမ်းဆောင်ရည်ဆိုင်ရာလိုအပ်ချက်များနှင့် ထောက်ပံ့ငွေအမျိုးအစား၊ အရွယ်အစား၊ နယ်ပယ်နှင့် ဘေးအန္တရာယ်ရှိမှုဆိုင်ရာအဆင့်အလိုက် အစီရင်ခံခြင်းဆိုင်ရာ လိုအပ်ချက်များကိုလည်း လိုက်လျောညီထွေဖြစ်အောင် ဖြည့်ဆည်းပေးပြီး၊ အရေးအကြီးဆုံးလိုအပ်ချက်များကို သေချာအောင်ဆောင်ရွက်ခြင်းက အစီအစဉ်၏အချက်အလက်အစုစုတို့တွင် ကျင့်သုံးလေ့ရှိပါသည်။ အဆိုပြုလွှာတစ်ခုစီကို အကဲဖြတ်ပြီးနောက်၊ HARP-F သည် မြန်မာနိုင်ငံ၏ အဓိကမိတ်ဖက်အဖွဲ့အစည်းများအား လိုအပ်သောပြန်လည်ပြင်ဆင်မှုများကို ကူညီ၍ အကောင်အထည်ဖော်ပေးရန်နှင့် အဆိုပြုလွှာ၏အရည်အသွေးစံနှုန်းများကို ပြည့်မီစေရန် အကြံပြုချက်များပေးခြင်း၊ မေးခွန်းများကိုဖြေရှင်းပေးခြင်းနှင့် တိုက်ရိုက်လက်ကမ်းကူညီပံ့ပိုးပေးခြင်းတို့ကို ပြုလုပ်ခဲ့ပါသည်။

1. HARP-F Narrative Proposal Template (မြန်မာဘာသာ)
2. HARP-F Workplan Template (မြန်မာဘာသာ)
3. HARP-F Budget and Financial Report Checklist (မြန်မာဘာသာ)
4. Example Logframe (မြန်မာဘာသာ)
5. HARP-F Activity Table Template (မြန်မာဘာသာ)
6. Example Risk Register (မြန်မာဘာသာ)
7. HARP-F Proposal Assessment Form (မြန်မာဘာသာ)

## ၂။ အရည်အချင်းနှင့် ဘေးအန္တရာယ်ဆိုင်ရာ အကဲဖြတ်မှု

HARP-F ၏ အကဲဖြတ်ခြင်းလုပ်ငန်းစဉ်သည် မိတ်ဖက်များအား ရိုးသားဖြောင့်မတ်မှုနှင့် တရားဝင်မှုဆိုင်ရာ အမြင့်ဆုံးစံချိန်စံညွှန်းများအတိုင်း လုပ်ဆောင်ကြောင်း သေချာစေပါသည်။ မိတ်ဖက်အဖွဲ့အစည်းများက ကာကွယ်စောင့်ရှောက်ခြင်း (Safeguarding)၊ အုပ်ချုပ်မှု၊ လိမ်လည်မှု၊ လာဘ်ပေးလာဘ်ယူမှု၊ အကျင့်ပျက်ခြစားမှု၊ ငွေကြေးခဝါချမှု၊ လုပ်ငန်းတွင်းထိန်းချုပ်မှု၊ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု၊ ထောက်ပံ့ပို့ဆောင်ရေးဆိုင်ရာစီမံခန့်ခွဲမှု၊ ပွင့်လင်းမြင်သာမှုအပြင်၊ ကျင့်ဝတ်များနှင့်သက်ဆိုင်သည့် စွမ်းဆောင်ရည်ကွာဟချက်များကို ဖော်ထုတ်ပေးသည့် **လုပ်ငန်းမိတ်ဖက်မေးခွန်းလွှာ (Business Partner Questionnaire**) ကို တင်သွင်းခဲ့သည်။ HARP-F ၏ ဝန်ထမ်းများက မြန်မာနိုင်ငံရှိ မိတ်ဖက်အဖွဲ့အစည်းများ၏ အဖွဲ့အစည်းဆိုင်ရာစွမ်းဆောင်ရည်နှင့် လေ့လာ စောင့်ကြည့်ခြင်း၊ အကဲဖြတ်ခြင်းနှင့် သင်ယူခြင်းဆိုင်ရာစွမ်းဆောင်ရည်တို့ကို ပြန်လည်သုံးသပ်ရန်အတွက် မိတ်ဖက်အဖွဲ့အစည်း၏ စွမ်းဆောင်ရည်ဆိုင်ရာအကဲဖြတ်မှု (**Partner Capacity Assessment**) အပြင်၊



Supported by
UKaid
This material has been funded by UK aid from the UK government; however the views expressed do not necessarily reflect the UK government's official policies

လေ့လာစောင့်ကြည့်ခြင်း၊ အကဲဖြတ်ခြင်းနှင့် သင်ယူခြင်းဆိုင်ရာအကဲဖြတ်မှု (**Monitoring, Evaluation and Learning Assessment**) တို့ကိုလည်း လုပ်ဆောင်ခဲ့ပါသည်။

ဂုဏ်သိက္ခာရှိသော မြန်မာအဖွဲ့အစည်းငယ်များတွင် လိုအပ်သော ကျွမ်းကျင်မှုများ၊ လုပ်ငန်းစဉ်များ သို့မဟုတ် လုပ်ထုံးလုပ်နည်းများ (ဥပမာ - စာရင်းစစ်လုပ်ငန်းစဉ်များ၊ ငွေကြေးစီမံခန့်ခွဲမှု၊ ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေး၊ အကာအကွယ်ပေးရေး၊ လိမ်လည်မှုကိုဆန့်ကျင်ရေး၊ ပစ္စည်းဝယ်ယူရေးမူဝါဒများ) သည် များသောအားဖြင့် နေရာတကျရှိမနေကြပေ၊ သို့မဟုတ် အဆိုပါနယ်ပယ်များအတွင်းရှိ စွမ်းဆောင်ရည်များမှာ အကန့်အသတ်ရှိနေကြပါသည်။ သို့သော် ၎င်းတို့တွင် နိုင်ငံတကာမိတ်ဖက်အဖွဲ့အစည်းများ၌မရှိသော ခိုင်မာအားကောင်းသည့် အသိုက်အဝန်းအတွင်းချိတ်ဆက်မှုများနှင့် လက်လှမ်းမီမှုများ ရှိပါသည်။ အကဲဖြတ်ခြင်း လုပ်ငန်းစဉ်သည် တိုးတက်အောင်ဆောင်ရွက်ပေးရန်လိုအပ်သည့်နေရာများကို ဖော်ထုတ်တင်ပြခဲ့ပါက၊ HARP-F နှင့် မိတ်ဖက်အဖွဲ့အစည်းတို့သည် ရန်ပုံငွေပေးအပ်မှုကာလအတွင်း ရန်ပုံငွေပံ့ပိုးမှုနှင့်အတူ အကောင်အထည်ဖော်ရမည့် စွမ်းဆောင်ရည်မြှင့်တင်ရေးဆိုင်ရာအစီအစဉ်အပေါ် သဘောတူညီကြမည်ဖြစ်သည်။ ဤချဉ်းကပ်မှုသည် အစီအစဉ်ကိုအကောင်အထည်ဖော်မှုအရည်အသွေးကို ထိန်းသိမ်းထားသည့်အပြင်၊ စွမ်းဆောင်ရည်ကွာဟချက်ရှိသော ဂုဏ်သိက္ခာရှိသည့် မြန်မာနိုင်ငံရှိ မိတ်ဖက်အဖွဲ့အစည်းများအား ရန်ပုံငွေအပေါ်လက်လှမ်းမီမှုမှ ဖယ်ထုတ်ထားခြင်းမရှိကြောင်း သေချာစေပါသည်။

1. Example Crown Agents Business Partner Questionnaire for procurement (မြန်မာဘာသာ)
2. HARP-F Partner Capacity Assessment (မြန်မာဘာသာ)
3. HARP-F Monitoring, Evaluation and Learning Assessment (မြန်မာဘာသာ)

## ၃။ စာချုပ်နှင့် ရန်ပုံငွေဆိုင်ရာ သဘောတူညီချက်

မိတ်ဖက်အဖွဲ့အစည်း၏အဆိုပြုလွှာသည် အလှူရှင်၏လိုအပ်ချက်များနှင့် ကိုက်ညီပါက၊ အကဲဖြတ်မှုများ ပြုလုပ်ပြီးသည်နှင့်တပြိုင်နက် မိတ်ဖက်အဖွဲ့အစည်းအား တာဝန်ခံမှုရှိသော ရန်ပုံငွေသဘောတူညီချက် (**Accountable Grant Agreement**) ဟုခေါ်သော ရန်ပုံငွေဆိုင်ရာသဘောတူညီချက်တစ်ရပ်ကို ထုတ်ပေးမည်ဖြစ်သည်။ သဘောတူညီချက်တွင် ဘတ်ဂျက်၊ ပေးချေမှုအချိန်ဇယားနှင့် မျှော်မှန်းရလဒ်များ အပါအဝင် ရန်ပုံငွေဆိုင်ရာ သတ်မှတ်ချက်များကို ပြဋ္ဌာန်းထားသည်။

မြန်မာနိုင်ငံရှိ မိတ်ဖက်အဖွဲ့အစည်းများစွာသည် စာချုပ်လုပ်ငန်းစဉ်များ သို့မဟုတ် စာချုပ်ပါ စည်းမျဉ်းများနှင့် စာချုပ်ပါ အပိုဒ်များကို မရင်းနှီးပါ။ ထို့ကြောင့် မိတ်ဖက်အဖွဲ့အစည်းသည် သဘောတူညီချက်ကို လက်မှတ်



Supported by
UKaid
This material has been funded by UK aid from the UK government; however the views expressed do not necessarily reflect the UK government's official policies

မထိုးမီတွင် HARP-F က စာချုပ်ရေးသည့်အဆင့်၏တစ်စိတ်တစ်ပိုင်းအနေဖြင့် မိတ်ဖက်များအား ၎င်းတို့ပါဝင်နေသော စာချုပ်ပါသဘောတူညီချက်များကို ပြည့်ပြည့်စုံစုံနားလည်ပြီး ၎င်းတို့ဖြည့်ဆည်းရန်လိုအပ်သည့် လိုအပ်ချက်များနှင့် မျှော်မှန်းချက်များကို ရှင်းရှင်းလင်းလင်းသိစေရန် လေ့ကျင့်ပေးခဲ့ပါသည်။ စာချုပ်ချုပ်ဆိုပြီး နောက်တွင် မြန်မာနိုင်ငံရှိ မိတ်ဖက်အဖွဲ့အစည်းများသည် စာချုပ်ပါ တိကျသောဘဏ္ဍာရေးဆိုင်ရာ အစီရင်ခံမှု နှင့် စပ်လျဉ်းသည့်တာဝန်ဝတ္တရားများနှင့် အလှူရှင်များ၏လိုအပ်ချက်များကို ပြည့်မီစေရန်အတွက် ၎င်းတို့ထံတွင် လိုအပ်သောစွမ်းဆောင်ရည်ရှိစေရန် အလွန်အရေးပါသောဘဏ္ဍာရေးသင်တန်းကို လက်ခံရရှိခဲ့ပါသည်။

1. Foreign Commonwealth and Development Office (FCDO) Accountable Grant Agreement (မြန်မာဘာသာ)

## ၄။ ကာကွယ်စောင့်ရှောက်ခြင်း (Safeguarding)

မိတ်ဖက်များအား ရန်ပုံငွေထောက်ပံ့ထားသော အစီအစဉ်နှင့် ၎င်းတို့၏ ပိုမိုကျယ်ပြန့်သော အဖွဲ့အစည်းနှစ်ရပ်စလုံးအတွင်း ကာကွယ်စောင့်ရှောက်ခြင်း (Safeguarding)ကို ဦးစားပေးလုပ်ဆောင်ရန် ပံ့ပိုးပေးထားသည်။ ကာကွယ်စောင့်ရှောက်ခြင်း (SAFEGUARDING)ဆိုင်ရာ စီစစ်ရမည့်စာရင်း (**Safeguarding Checklist**) တွင် အကျဉ်းချုံးတင်ပြထားသော စွမ်းဆောင်ရည်အကဲဖြတ်မှုကို မိတ်ဖက်ဆိုင်ရာဖြစ်တည်မှုစတင်ချိန်တွင် ပြုလုပ်ခဲ့ပြီး၊ HARP-F အနေဖြင့် မြန်မာနိုင်ငံရှိ မိတ်ဖက်အဖွဲ့အစည်းများ လိုအပ်သည့်နယ်ပယ်များတွင် လိုအပ်သောသင်တန်းများ၊ ကူညီပံ့ပိုးမှုနှင့် နည်းပြခြင်းတို့ကိုပေးနိုင်ရန် ကာကွယ်စောင့်ရှောက်ခြင်း (Safeguarding)နှင့် လိမ်လည်မှုကိုဆန့်ကျင်ရေးအပြင်၊ စွမ်းဆောင်ရည်ဆိုင်ရာကွာဟချက်များကို ဖော်ထုတ်ခဲ့သည်။ ကာကွယ်စောင့်ရှောက်ခြင်း (SAFEGUARDING)တွင် မြန်မာနိုင်ငံရှိ မိတ်ဖက်အဖွဲ့အစည်းများ၏ စွမ်းဆောင်ရည်မှာ အထူးနိမ့်ပါးနေပြီး၊ အများစုမှာ ကြိုတင်ကာကွယ်မှု အတွေ့အကြုံမရှိသည့်အပြင်၊ ကာကွယ်စောင့်ရှောက်ခြင်း (SAFEGUARDING)အတွက် အထူးတာဝန်ယူသည့် ဝန်ထမ်း သို့မဟုတ် ဌာနလည်း မရှိပေ။ မြန်မာဘာသာစကားဖြင့် ဆက်သွယ်ပြောဆိုရာတွင် HARP-F ၏ဝန်ထမ်းများနှင့် သင်တန်းအဖွဲ့သည် ဘေးအန္တရာယ်ဆိုင်ရာ အကဲဖြတ်ခြင်း၊ ကာကွယ်စောင့်ရှောက်ခြင်း (SAFEGUARDING)ဆိုင်ရာစီမံခန့်ခွဲမှုနှင့် လိမ်လည်မှုစီမံခန့်ခွဲခြင်း တို့ပါဝင်သည့်နယ်ပယ်များတွင် စွမ်းဆောင်ရည်မြှင့်တင်ရေး၊ သင်တန်းလက်စွဲများနှင့် နေ့စဉ်အကူအညီတို့ကို ပေးပါသည်။ မိတ်ဖက်အဖွဲ့အစည်းများ၊ အကျိုးခံစားခွင့်ရှိသူများ သို့မဟုတ် အခြားပါဝင်ပတ်သက်သူများမှ ကာကွယ်စောင့်ရှောက်ခြင်း (Safeguarding) သို့မဟုတ် လိမ်လည်မှုဆိုင်ရာ စိုးရိမ်ပူပန်မှုအား အစီရင်ခံတင်ပြလာပါက၊ HARP-F သည် ကာကွယ်စောင့်ရှောက်ခြင်း (Safeguarding)နှင့်

လိမ်လည်မှုဆိုင်ရာ ဖြစ်ရပ်စီမံခန့်ခွဲမှုလုပ်ငန်းစဉ် (**Safeguarding and Fraud Case Management Process**) ကို လိုက်နာပြီး၊ မြန်မာနိုင်ငံရှိမိတ်ဆက်အဖွဲ့အစည်းများအား ပံ့ပိုးကူညီရန်အတွက် သင်တန်းကာလအတွင်း သင်ယူခဲ့သော အကောင်းဆုံးအလေ့အကျင့်များကို လက်တွေ့အသုံးချခြင်းနှင့်အတူ လုပ်ငန်းစဉ်အဆင့်တိုင်းတွင် မိတ်ဖက်အဖွဲ့အစည်းများထံမှဝန်ထမ်းများနှင့် လက်တွဲဆောင်ရွက်ခဲ့ပါသည်။

1. HARP-F Safeguarding and Fraud Case Management Process (မြန်မာဘာသာ)
2. HARP-F Safeguarding Checklist (မြန်မာဘာသာ)
3. Link to Foreign Commonwealth and Development Office (FCDO) Safeguarding Resources
4. Link to HARP-F Safeguarding Resources
5. Link to Safeguarding Support Hub

## ၅။ အစီရင်ခံတင်ပြခြင်းနှင့် စောင့်ကြည့်လေ့လာခြင်း

တိုးတက်မှုနှင့် အောင်မြင်မှုများကို စောင့်ကြပ်ကြည့်ရှုမှုကိုထိန်းသိမ်းရန်နှင့် မိတ်ဖက်အဖွဲ့အစည်းတို့၏ စွမ်းဆောင်ရည်များကို စောင့်ကြည့်ရန် အစီအစဉ်အကောင်အထည်ဖော်မှုတစ်လျှောက်တွင် အစီရင်ခံတင်ပြခြင်း၊ စောင့်ကြည့်လေ့လာခြင်းနှင့် အကဲဖြတ်ခြင်းတို့ကို ပုံမှန်ပြုလုပ်ခဲ့ပါသည်။ လက်ရှိဖြစ်ပေါ်နေသော အန္တရာယ်များကို စီမံခန့်ခွဲရန် နောက်ဆုံးဆောင်ရွက်ထားသည့် **ဘေးအန္တရာယ်ဆိုင်ရာအကဲဖြတ်မှု**နှင့်အတူ မိတ်ဖက်များအနေဖြင့် ဇာတ်လမ်းအကြောင်းအရာ၊ ဘဏ္ဍာရေးနှင့် ဒေတာအစီရင်ခံစာများကို တင်သွင်းခဲ့သည်။ ၎င်းတို့ကို ဘဏ္ဍာရေး၊ လေ့လာစောင့်ကြည့်အကဲဖြတ်ခြင်းနှင့် သင်ယူခြင်း (MEaL) နှင့် အကြောင်းအရာ အလိုက်ကျွမ်းကျင်သူများက ပြန်လည်သုံးသပ်ထားသည်။ မိတ်ဖက်အဖွဲ့အစည်း၏ ဝန်ထမ်းအပြောင်းအလဲမြန်ဆန်ခြင်းသည် အစီအစဉ်၏အရည်အသွေးကို ထိန်းသိမ်းရန် သင်တန်းလိုအပ်သော ဝန်ထမ်းအသစ်များ စဉ်ဆက်မပြတ်စီးဆင်းမှုကို ဆိုလိုသောကြောင့် စွမ်းဆောင်ရည်မြှင့်တင်ခြင်း ဆိုင်ရာ ဆက်လက်ပံ့ပိုးမှုသည်လည်း အရေးကြီးပါသည်။ မြန်မာဘာသာစကားဖြင့် ဆက်သွယ်ဆောင်ရွက်ခြင်း ဖြင့်၊ HARP-F ၏ဝန်ထမ်းများနှင့် သင်တန်းအဖွဲ့တို့သည် လှုပ်ရှားမှုအစီအစဉ်ရေးဆွဲခြင်း၊ ဒေတာစုဆောင်းခြင်း၊ လုံခြုံရေးဆိုင်ရာအကဲဖြတ်မှုများ၊ စစ်တမ်းဒီဇိုင်းရေးဆွဲခြင်း၊ ဖြန့်ဝေပြီးနောက်ပိုင်း စောင့်ကြည့်လေ့လာမှု ဆိုင်ရာအကဲဖြတ်မှုများ၊ အစီရင်ခံစာရေးသားခြင်းနှင့် ဒေတာထည့်သွင်းခြင်းတို့အပါအဝင် နယ်ပယ်အတော် များများတွင် စွမ်းဆောင်ရည်မြှင့်တင်ခြင်း၊ သင်တန်းလက်စွဲများနှင့် နည်းစနစ်ဆိုင်ရာ နိစ္စဓူဝအထောက်အပံ့ပေးခြင်းတို့ကို ပြုလုပ်ပေးခဲ့ပါသည်။

HARP-F ၏ လေ့လာစောင့်ကြည့်ခြင်း၊ အကဲဖြတ်ခြင်းနှင့် လေ့လာခြင်းဆိုင်ရာအဖွဲ့သည် လိုအပ်သော လုပ်ထုံးလုပ်နည်းများနှင့် လုပ်ငန်းစဉ်များကို လိုက်နာမှုအား အကဲဖြတ်ရန် ရွေးချယ်ထားသော မိတ်ဖက်များနှင့် ပုံမှန်အားဖြင့် ဒေတာများကိုစိစစ်ရန်ခရီးသွားလာမှုများကို ပြုလုပ်ခဲ့ပါသည်။ ဒေတာစိစစ်မှုအတွက် ခရီး သွားလာမှုတွင် ပြုလုပ်ရမည့်စာရင်း (**Verification Visit Checklist**) ကိုအသုံးပြု၍ ဤသွားလာမှုများတွင် ဒေတာအရည်အသွေး၏ အင်္ဂါရပ်ငါးရပ်ဖြစ်သည့် ခိုင်လုံမှု၊ ယုံကြည်စိတ်ချရမှု၊ အချိန်မှန်မှု၊ ပြီးပြည့်စုံမှုနှင့် ရိုးသားဖြောင့်မတ်မှုတို့ကို အကဲဖြတ်ခဲ့ကာ၊ မိတ်ဖက်အဖွဲ့အစည်း၏စာရွက်စာတမ်းများအား ရုပ်ပိုင်းဆိုင်ရာ စစ်ဆေးချက်တစ်ခု ပါဝင်ပါသည်။ အစပိုင်းတွင်၊ ဤခရီးသွားမှုများကို မိတ်ဖက်အဖွဲ့အစည်းများ၏ရုံးများတွင် လူကိုယ်တိုင်ပြုလုပ်ခဲ့သော်လည်း ကိုဗစ်-၁၉ ကပ်ရောဂါဖြစ်ပွားပြီးနောက် လိုင်းပေါ်မှ တဆင့် (virtual) သွားလာမှုမတိုင်မီနှင့် အွန်လိုင်းမှ စာရွက်စာတမ်းများကို တိုက်ရိုက်စစ်ဆေးခြင်းမပြုမီ အွန်လိုင်း အကဲဖြတ်မှုဖြင့် ပြီးစီးအောင်လုပ်ဆောင်ခဲ့သည်။

HARP-F အနေဖြင့် အစီရင်ခံခြင်းနှင့် စောင့်ကြည့်လေ့လာခြင်းတို့သည် အစီအစဉ်၏လိုအပ်ချက်များနှင့် မြန်မာနိုင်ငံရှိမိတ်ဖက်အဖွဲ့အစည်းများ၏ စွမ်းဆောင်ရည်နှစ်ခုလုံးကို ဖြည့်ဆည်းပေးနိုင်ကြောင်း သေချာစေခဲ့ပါသည်။ မိတ်ဖက်အဖွဲ့အစည်းများထံမှ လိုအပ်သော အစီရင်ခံခြင်းဆိုင်ရာဒေတာအချက်အလက်သည် အစီအစဉ်တစ်လျှောက်တွင် တူညီပြီး၊ မိတ်ဖက်အချင်းချင်း နှိုင်းယှဉ်မှုများနှင့် အစုစုအဆင့် အစီရင်ခံခြင်းအတွက် ခွင့်ပြုရန် အစီအစဉ်ရေးရာဒက်ရှ်ဘုတ် (အောက်ပုံတွင်ဖော်ပြထားသည်) တွင် ထည့်သွင်းထားပါသည်။ သို့သော်လည်း HARP-F အနေဖြင့် အားလုံးနှင့်ကိုက်ညီသည့် အရွယ်အစားတစ်ခုတည်းကို အသုံးပြုခြင်းထက် လိုအပ်ချက်များက အချိုးကျပြီး သေချာစွာသင့်တင်လျှောက်ပတ်မှုရှိစေရန်အတွက် ထောက်ပံ့ကြေး၏ အမျိုးအစား၊ အရွယ်အစား၊ နယ်ပယ်နှင့် စွန့်စားရမှုအဆင့်အပြင်၊ မိတ်ဖက်အဖွဲ့အစည်း၏ စွမ်းဆောင်ရည် အလိုက် အစီရင်ခံတင်ပြခြင်းပုံစံများကို ကျင့်သုံးလျက်ရှိသည်။ ဥပမာအားဖြင့်၊ စွမ်းဆောင်ရည်ပိုမိုနိမ့်ပါးပြီး ထောက်ပံ့ကြေး ပိုမိုနည်းပါးသော မိတ်ဖက်အဖွဲ့အစည်းများအနေဖြင့် တိုးတက်မှုကို လှုပ်ရှားမှုဇယားတစ်ခု အပေါ်တွင် အစီရင်ခံတင်ပြကြသော်လည်း စွမ်းဆောင်ရည်ပိုကြီးမားသော မိတ်ဖက်အဖွဲ့အစည်းများကမူ တိုးတက်မှုကို မှတ်တမ်းဘောင်အပြည့်ဖြင့် အစီရင်ခံကြရသည်။ HARP-F သည် မိတ်ဖက်အဖွဲ့အစည်းများ၏ တုံ့ပြန်ချက်အပေါ် အခြေခံ၍ ၎င်းတို့အနေဖြင့် အွန်လိုင်းတွင် ဒေတာထည့်သွင်းရန် အင်တာနက်ကို ပိုမို ဝင်ရောက်နိုင်ခြင်း မရှိသောအခါ၌ ၎င်းတို့၏ အစီရင်ခံတင်ပြခြင်းဆိုင်ရာဆော့ဖ်ဝဲလ်ကို ဝက်ဘ်ဆိုဒ် အခြေခံသည့် IMS ဆိုင်ရာအစီရင်ခံတင်ပြမှုနည်းလမ်းများမှ Excel ဖြင့်အစီရင်ခံတင်ပြမှုများဆီသို့ ပြောင်းပေးခဲ့ပါသည်။




*Image: HARP-F Programme Dashboard*

1. HARP-F Narrative Report Template (မြန်မာဘာသာ)
2. HARP-F Budget and Financial Report Checklist (မြန်မာဘာသာ)
3. Example Risk Register (မြန်မာဘာသာ)
4. HARP-F Verification Visit Checklist (မြန်မာဘာသာ)

## ၆။ ပြန်လည်အစီအစဉ်ချထားခြင်းနှင့် ပြင်ဆင်မှုများ

HARP-F ၏ ပြင်ဆင်မှုလုပ်ငန်းစဉ်သည် လုပ်ဆောင်ချက်များ၊ ဘတ်ဂျက် သို့မဟုတ် ရည်မှန်းချက်များတွင် အပြောင်းအလဲများ လိုအပ်ပါက ထောက်ပံ့ကြေးဆိုင်ရာသဘောတူညီချက်များကို ပြင်ဆင်၍ ရနိုင်စေပါသည်။ ကိုဗစ် -၁၉ ကပ်ရောဂါစတင်ဖြစ်ပွားပြီး၊ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ (၁) ရက်နေ့တွင် ပိုမိုရှုပ်ထွေးသော လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကျပ်အတည်းကို ဖြစ်ပေါ်စေခဲ့သည့် စစ်တပ်အာဏာသိမ်းပြီး နောက်ပိုင်းတွင် လျင်မြန်ပြီး လိုက်လျောညီထွေရှိသော ပြင်ဆင်၍ရသည့်စနစ်တစ်ရပ်သည် အလွန်ပင် အရေးကြီးလာပါသည်။ ၂၀၂၀ ခုနှစ် မတ်လမှ ဒီဇင်ဘာလအတွင်း ပြင်ဆင်ချက် ၇၀ ကျော် (မြှင့်တင်မှုများ၊ ပြန်လည် နေရာချထားမှုနှင့် စရိတ်စကမပါဝင်သော တိုးချဲ့မှုများအပါအဝင်) နှင့် အခြားအရာများစွာကို လျင်မြန်စွာ ဆောင်ရွက်ခဲ့ပါသည်။ လုပ်ငန်းစဉ်သည် ပြင်ဆင်မှုအမျိုးအစား၊ အရွယ်အစားအပြင်၊ အတိုင်းအတာတို့နှင့် အချိုးကျကြောင်း သေချာစေရန် လိုအပ်သောပြင်ဆင်မှုအပေါ်မူတည်၍ ကွဲပြားပါသည်။ ပုံမှန်အားဖြင့် မိတ်ဖက်အဖွဲ့အစည်းသည် HARP-F မှ ပြန်လည်သုံးသပ်ထားသည့် ပြင်ဆင်မှုအတွက် တောင်းဆိုချက်စာနှင့်

ဘတ်ဂျက်တို့ကို တင်သွင်းရပြီး၊ အတည်ပြုပါက၊ မိတ်ဖက်အဖွဲ့အစည်းအား ပြင်ဆင်ချက်များကို အသေးစိတ်ဖော်ပြထားသည့် ပြုပြင်မွမ်းမံမှုဆိုင်ရာစာရွက်စာတမ်းတစ်စောင်ကို ပေးမည်ဖြစ်သည်။

HARP-F သည် ပြုပြင်ပြောင်းလဲရေးလုပ်ထုံးလုပ်နည်းများ သို့မဟုတ် အကောင်းဆုံးအလေ့အကျင့်များနှင့် မရင်းနှီးသော မြန်မာနိုင်ငံရှိမိတ်ဖက်အဖွဲ့အစည်းများအား သိသာထင်ရှားသောလက်တွေ့ပံ့ပိုးမှုများကို ပေးခဲ့ပါသည်။ HARP-F သည် မြန်မာနိုင်ငံရှိမိတ်ဖက်အဖွဲ့အစည်းများအနေဖြင့် ပြင်ဆင်ခြင်းလုပ်ငန်းစဉ်၊ လိုအပ်ချက်များနှင့် မျှော်လင့်ချက်များကို ကြိုတင်နားလည်ကြောင်း ရှင်းရှင်းလင်းလင်းသေချာစေရန် သင်တန်း၊ သတင်းအချက်အလက်နှင့် လမ်းညွှန်မှတ်စုများကို မြန်မာဘာသာစကားဖြင့် ပံ့ပိုးပေးခဲ့ပါသည်။ HARP-F မှဝန်ထမ်းများသည် စာရွက်စာတမ်းများ၏ အရည်အသွေးကို သေချာစေရန်နှင့် လိုအပ်ပါက စာရွက်စာတမ်းများ ပြန်လည်တင်သွင်းရာတွင် အဆင်ပြေချောမွေ့စေရန် အကြံပြုချက်၊ လမ်းညွှန်မှုနှင့် လက်ဆင့်ကမ်းကူညီမှုများ အပါအဝင် ဆက်လက်လုပ်ဆောင်နေသော နည်းပြပေးခြင်းနှင့် အထောက်အကူပေးခြင်းတို့ကိုလည်း ပြုလုပ်ပေးခဲ့ပါသည်။

အာဏာသိမ်းပြီးနောက် ဘဏ်လုပ်ငန်းနှင့် ငွေဖြစ်လွယ်မှုအကျပ်အတည်းကြောင့် ငွေပေးချေမှုအစီအစဉ်များကို ပြောင်းလဲရန် လိုအပ်လာသောအခါတွင် HARP-F သည် မိတ်ဖက်များကို ပံ့ပိုးပေးပါသည်။ မြန်မာနိုင်ငံတွင် လွှဲပြောင်းမှု ကန့်သတ်ချက်များနှင့် ငွေဖြစ်လွယ်မှုအကျပ်အတည်းကြောင့် လက်ရှိလွှဲပြောင်းမှု လုပ်ငန်းစဉ်များအပေါ်သက်ရောက်ခဲ့ပြီး၊ ဘေးအန္တရာယ်ကိုစီမံခန့်ခွဲရန်နှင့် ရန်ပုံငွေလွှဲပြောင်းပေးသည့် အဖွဲ့အစည်းများအပေါ် စစ်ဆေးရမည့်လုပ်ငန်းစဉ်ကိုလုပ်ဆောင်ရန်အတွက် မိတ်ဖက်အဖွဲ့အစည်းများကို ပံ့ပိုးပေးသည့်အခါတွင် အစားထိုးရန်ပုံငွေလွှဲပြောင်းမှုစနစ်/အခြေခံအုတ်မြစ်များကို အသုံးပြုခွင့်ပြုရန် HARP-F သည် နိုင်ငံခြားဓနသဟာယနှင့် ဖွံ့ဖြိုးတိုးတက်ရေးရုံး (FCDO) နှင့် ညှိနှိုင်းခဲ့သည်။ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်မြောက်ပိုင်းနှင့် ရခိုင်ပြည်နယ်ရှိ HARP-F ၏ ငွေသားနှင့် ဘောက်ချာဆိုင်ရာ ပံ့ပိုးကူညီမှု အစီအစဉ်များနှင့်စပ်လျဉ်းသည့် နောက်ထပ်အချက်အလက်များကို ဤနေရာတွင် ကြည့်ရှုနိုင်ပါသည်။

- **အဝေးမှ မိတ်ဖက်အဖြစ်ဆောင်ရွက်ခြင်းဆိုင်ရာ HARP-F ၏ ချဉ်းကပ်မှု** – အဝေးမှ စီမံခန့်ခွဲမှုအပေါ် HARP-F ၏ ချဉ်းကပ်မှုမှ အကြံပြုချက်များနှင့် အလေ့အကျင့်ကောင်းများကို ဤနေရာတွင် တွေ့နိုင်ပါသည်။

Supported by
UKaid
This material has been funded by UK aid from the UK government; however the views expressed do not necessarily reflect the UK government's official policies

- **HARP-F ၏ လုပ်ဆောင်နိုင်စွမ်းအပေါ် ပြန်လည်သုံးသပ်ခြင်း** - လူသားချင်းစာနာထောက်ထားမှု အကူအညီများပေးပို့ရန် HARP-F ၏ဒီဇိုင်း၊ လုပ်ငန်းစဉ်များနှင့် ဖွဲ့စည်းပုံများကို ဤနေရာတွင် တွေ့နိုင်ပါသည်။
- **မြန်မာနိုင်ငံတွင် ဒေသတွင်း ကိုက်ညီမှုရှိအောင် ဆောင်ရွက်ခြင်း (LOCALISATION) - မြန်မာနိုင်ငံရှိအဖွဲ့အစည်းများကို ပံ့ပိုးကူညီခြင်းနှင့် အားဖြည့် ပေးခြင်း** - မြန်မာနိုင်ငံတွင် ဒေသတွင်း ကိုက်ညီမှုရှိအောင် ဆောင်ရွက်ခြင်း (LOCALISATION)ကို နောက်ထပ် မည်သို့ပံ့ပိုးကူညီမည်ကို ဤနေရာတွင် တွေ့နိုင်ပါသည်။
- **အာဏာဖွဲ့စည်းပုံအပေါ် ဒေသတွင်း ကိုက်ညီမှုရှိအောင် ဆောင်ရွက်ခြင်း (LOCALISATION)** - ဒေသအလိုက် ဦးဆောင်သော တုံ့ပြန်မှုကို တည်တံ့စေရန် ၎င်းတို့အတွက် လိုအပ်သည်များနှင့်စပ်လျဉ်းသည့် HARP-F ၏မိတ်ဖက်အဖွဲ့အစည်းများ၏ အကြံပြုချက်များကို ဤနေရာတွင် တွေ့နိုင်ပါသည်။

## ၇။ အကဲဖြတ်ခြင်း၊ နောက်ဆုံးအစီရင်ခံခြင်း၊ စီမံကိန်းကိုပိတ်ခြင်းနှင့် စာရင်းစစ်ခြင်း။

စီမံကိန်းကိုပိတ်ခြင်းဆိုင်ရာလုပ်ထုံးလုပ်နည်း (**Close-Out Procedure**) တွင် အသေးစိတ်တင်ပြခဲ့သည့် ထောက်ပံ့ငွေလုပ်ငန်းစဉ်၏အဆုံးသတ်က မိတ်ဖက်များအား စည်းမျဉ်းစည်းကမ်းနှင့် အလှူရှင်တို့၏ လိုအပ်ချက်များကို လိုက်နာမှု၊ စီမံကိန်း၏အောင်မြင်မှုများကို ဖမ်းယူမှတ်တမ်းတင်ထားပြီး၊ တာဝန်ယူမှုကို ထိန်းသိမ်း ထားကြောင်း သေချာစေသည်။ မိတ်ဖက်အဖွဲ့အစည်းများအနေဖြင့် ဇာတ်ကြောင်းပြ နောက်ဆုံးအကျဉ်းချုပ်၊ ဘဏ္ဍာရေး၊ မှတ်တမ်းဘောင် (Logframe) နှင့် ဒေတာအစီရင်ခံစာများကို တင်သွင်းရမည်ဖြစ်ပြီး၊ စီမံကိန်း၏အောင်မြင်မှုများနှင့် ငွေကြေးတန်ဖိုးကို အကဲဖြတ်ရန် HARP-F မှ ပြန်လည်သုံးသပ်မည်ဖြစ်သည်။ စွမ်းဆောင်ရည်မြှင့်တင်ခြင်းဆိုင်ရာ အောင်မြင်မှုများကို ဖမ်းယူရန်အတွက် နောက်ဆုံး **စွမ်းဆောင်ရည် အကဲဖြတ်မှု**ကို ပြုလုပ်ခဲ့ပါသည်။ HARP-F သည် မိတ်ဖက်အဖွဲ့အစည်းများ၏ တုံ့ပြန်ချက်အပေါ် အခြေခံ၍ ၎င်းတို့၏နည်းလမ်းများ၊ လုပ်ငန်းစဉ်များနှင့် လုပ်ထုံးလုပ်နည်းများကို စဉ်ဆက်မပြတ်လေ့လာရန်နှင့် တိုးတက်နိုင်စေရန်အတွက် HARP-F နှင့် လက်တွဲလုပ်ဆောင်ခြင်းဆိုင်ရာ မိတ်ဖက်စစ်တမ်းကို အွန်လိုင်းမှ ဖြေဆိုရန်လည်း မိတ်ဖက်အဖွဲ့အစည်းများကို ဖိတ်ကြားခဲ့ပါသည်။



Supported by
UKaid
This material has been funded by UK aid from the UK government; however the views expressed do not necessarily reflect the UK government's official policies

လုပ်ငန်းစဉ်များနှင့် မျှော်မှန်းချက်များကို ရှင်းလင်းသေချာစေရန် စီမံကိန်းပြီးဆုံးမည့်ရက်မတိုင်မီ ကြိုတင်၍ မိတ်ဖက်များအား စီမံကိန်းပိတ်ခြင်းလုပ်ငန်းစဉ်ဆိုင်ရာ အချက်အလက်များကို ကောင်းစွာပေးအပ်ခဲ့ပါသည်။ ထို့အပြင် HARP-F သည် တောင်းဆိုလာပါက အကဲဖြတ်မှုပြုလုပ်ခြင်းနှင့်စပ်လျဉ်းသည့် အကြံဉာဏ်အပြင်၊ စာရင်းစစ်မှုများအတွက် စီမံခြင်းနှင့် ကြိုတင်ပြင်ဆင်ခြင်းဆိုင်ရာ အထောက်အကူကဲ့သို့၊ စီမံကိန်းပိတ်ခြင်း လုပ်ငန်းစဉ်တစ်လျှောက်တွင် မိတ်ဖက်အဖွဲ့အစည်းများကို လမ်းညွှန်ပေးခြင်း၊ လက်ဆင့်ကမ်း သင်ကြားပေးခြင်းနှင့် လိုအပ်သလို အထောက်အပံ့များပေးခြင်းတို့ကို ပြုလုပ်ခဲ့သည်။ (ဥပမာ - ဥပမာများကိုမျှဝေပေးခြင်း၊ အကဲဖြတ်ခြင်းဆိုင်ရာ ကိုးကားရမည့်စည်းကမ်းချက်များ သို့မဟုတ် အကဲဖြတ်ခြင်းဆိုင်ရာဒီဇိုင်းနှင့် လုပ်ငန်း စဉ်များအပေါ် အကြံပေးခြင်း)။ HARP-F အနေဖြင့် သင်ယူမှုနှင့် အကဲဖြတ်မှုရလဒ်များကို မျှဝေကာ ဒေသတွင်း အဖွဲ့အစည်းငယ်များအကြား အဖွဲ့အစည်းအချင်းချင်းကြားသင်ယူမှုနှင့် ကွန်ရက်ချိတ်ဆက်မှုတို့ကို ပံ့ပိုးပေးရန် အတွက် အလားတူကိစ္စရပ်များအပေါ် လုပ်ဆောင်နေသော HARP-F ၏ မိတ်ဖက်အဖွဲ့အစည်းအမျိုးမျိုးအား အတူတကွစုပေါင်းစေမည့် သီးသန့်စုပေါင်းသင်ယူမှုကဏ္ဍကိုလည်း အဆင်ပြေချောမွေ့အောင် ပံ့ပိုးပေးခဲ့ပါသည်။

1. HARP-F Close-Out Procedure (အင်္ဂလိပ်ဘာသာ)
2. HARP-F Close-Out Procedure (မြန်မာဘာသာ)
3. HARP-F Final Narrative Report (အင်္ဂလိပ်ဘာသာ)
4. HARP-F Final Narrative Report (မြန်မာဘာသာ)
5. HARP-F Budget and Financial Report Checklist (အင်္ဂလိပ်ဘာသာ)
6. HARP-F Budget and Financial Report Checklist (မြန်မာဘာသာ)
7. Example Logframe (အင်္ဂလိပ်ဘာသာ)
8. Example Logframe (မြန်မာဘာသာ)
9. HARP-F Partner Capacity Assessment (အင်္ဂလိပ်ဘာသာ)
10. HARP-F Partner Capacity Assessment (မြန်မာဘာသာ)

Supported by
UKaid
This material has been funded by UK aid from the UK government; however the views expressed do not necessarily reflect the UK government's official policies